# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားရေးအင်အားစုများ မြင်းခြံမြို့၌ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲပြုလုပ်




၂၆–၅–၂၀၀၇ ရက်နေ့ နံနက် ၈နာရီခွဲ အချိန်က မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်းရှိ တိပိဋကအဘိဓဇပိဋကတိုက် ဓမ္မာရုံ၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေး တွေ့ဆုံရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲအခမ်းအနား ကျင်းပရခြင်းအကြောင်းကို မြင်းခြံမြို့မှ ဦးခင်မောင်ဦးက ဦးစွာရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝံသာနု **N L D** (ပြည်ထောင်စု မြန်မာနိုင်ငံ)၊ အမျိုးသားနိုင်ငံရေးလူငယ် **N L D** (မြန်မာနိုင်ငံ) မန္တလေးတိုင်းနုတ်ထွက် **N L D**၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစု၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့်တိုးချဲ့ထုတ်လုပ်မှု ကျောင်းတော်သားစု အမျိုးသားညီလာခံကိုယ်စားလှယ်နှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်းကော်မီတီ(အောက်မြန်မာပြည်) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေး အင်အားစုများပူးတွဲလုပ်ငန်းကော်မီတီ(အထက်မြန်မာပြည်) တို့၏စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှုတို့နှင့်ပတ်သက်၍ သဘောထားအမြင်များကို ရှင်းလင်းပြောကြားကြပါသည်။

အဆိုပါရှင်းလင်းပွဲသို့ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ မီဒီယာများ၊လုပ်သားပြည်သူများ တက်ရောက်ခဲ့ကြပြီး မေးမြန်းသည့် အချက်အလက်များကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအင်အားစုများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။